**ဝန်ဆောင်မှုများ**

ဆန်စပါးစိုက်ပျိုးရေးတွင် အရည်အသွေးမြင့် လယ်ယာထုတ်ကုန်များ ထွက်ရှိလာစေရန်နှင့် လေလွင့်ဆုံးရှုံးမှုများ လျှော့ချပေးခြင်းတို့ဖြင့် လယ်သမားများ၏ စီးပွားရေး၊ လူမှုရေးဘဝ ဖွံ့ဖြိုးတိုး တက်စေရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ (ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ ငှားရမ်းရေး ဝန်ဆောင်မှုဖြင့်) မြေယာပြုပြင်ပေးခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းစသည့် လယ်ယာ ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

**ဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ**

(က) ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများ

၁။ ထွန်စက်များဖြင့် ထွန်ယက်ခြင်းလုပ်ငန်း

၂။ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း

၃။ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးခြင်းလုပ်ငန်း

(ခ) နည်းပညာသစ်ဝန်ဆောင်မှုလုပ်ငန်းများ

၁။ Sub Soiler ဖြင့် မြေယာပြုပြင်ခြင်းလုပ်ငန်း

၂။ Reversible Mould Board Plough ဖြင့် မြေယာပြုပြင်ခြင်းလုပ်ငန်း

၃။ ကြဲစိုက်ပျိုးခြင်းလုပ်ငန်း

၄။ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချခြင်းလုပ်ငန်း

၅။ ပြောင်းဖူးရိတ်စက်ဖြင့် ပြောင်းဖူး ရိတ်ခြင်းလုပ်ငန်း

၆။ ပြောင်းဖူးရိတ်သိမ်းခြွေလှေ့စက်ဖြင့်ပြောင်းဖူးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း

၇။ ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးထုံးခြင်းလုပ်ငန်း

၈။ စပါးအခြောက်ခံစက်ဖြင့် စပါးအခြောက်ခံခြင်းလုပ်ငန်း

ဝန်ဆောင်မှုရယူရာတွင် လိုအပ်သည့်အချက်အလက်များမှာ -

(က) ဆောင်ရွက်လိုသည့် ဝန်ဆောင်မှုလုပ်ငန်းအမည်

(ခ) တောင်သူလယ်သမားအမည်

(ဂ) ဆက်သွယ်ရမည့်ဖုန်းနံပါတ်

(ဃ) အဘအမည်

(င) မှတ်ပုံတင်အမှတ်

(စ) ကျေးရွာ

(ဆ) ကျေးရွာအုပ်စု

(ဇ) မြို့နယ်

(ဈ) ကွင်းအမှတ်/ ကွင်းအမည်

(ည) ဦးပိုင်အမှတ်

(ဋ) ဆောင်ရွက်လိုသည့် ဧက/ ဧကလွှာ

(ဌ) လက်မှတ် (သို့) လက်ဝဲလက်မပုံစံ

(ဍ) သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများ ပြင်ဆင်ပေးခြင်း

တောင်သူများမှ လယ်ယာသုံးစက်ကိရိယာများ တစ်နေ့ထက်တစ်နေ့ တိုးတက် ပိုင်ဆိုင်လာသည်နှင့်အမျှ အဆိုပါစက်ကိရိယာများကို စနစ်တကျထိန်းသိမ်းရန်နှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စက်မှုလယ်ယာဦးစီးဌာနမှ ပင်မစက်ပြင်အလုပ်ရုံများ၊ အလတ်စားစက်ပြင်အလုပ်ရုံများနှင့် ဒေသအသီးသီးရှိ စက်မှုလယ်ယာစခန်းများတွင် တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများကို ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။